## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း အဆိုပြုလွှာတင်သွင်းရန် ပြည့်မီရမည့် စံသတ်မှတ်ချက်များ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁။ | အသေးစားဓာတ်အားပေးစနစ် အကောင်ဆောင်ရွက် အထည်ဖော်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ အနည်းဆုံး (၃)နှစ်နှင့်အထက် ရှိရမည်။ | |
| ၂။ | ကံမော်ကြီးကျေးရွာနှင့် ရေငံကြီးကျေးရွာ စီမံကိန်းတစ်ခုစီအတွက် (၃)နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ထားသော အသေးစားဓာတ်အားပေးစနစ်လုပ်ငန်း စာချုပ် (၃)ခုစီ တင်ပြနိုင်ရမည်။တင်ပြထားသည့် စာချုပ်များအနက်မှ စာချုပ်(၂)ခုပေါင်း တန်ဖိုးသည် တင်ပြလာသော စီမံကိန်းလုပ်ငန်း တန်ဖိုး၏ (၅၀%)ရှိရမည်။ | |
| ၃။ | တနင်္သာရီတိုင်းဒေသကြီးတွင် အသေးစားဓာတ်အားပေးစနစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိရမည်။ | |
| ၄။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။ | |
| ၅။ | ဆောင်ရွက်ခဲ့သော အသေးစားဓာတ်အားပေးစနစ် စီမံကိန်းလုပ်ငန်းများ သည် ကောင်းမွန်စွာ လည်ပတ်လျက်ရှိရမည်ဖြစ်ပြီး လုပ်ငန်းစွမ်းဆောင်ရည်ပိုင်းတွင် ပြစ်ချက်မရှိသည့် ကုမ္ပဏီဖြစ်ရမည်။ | |
| ၆။ | လွန်ခဲ့သော (၁)နှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စာချုပ်/ကတိကဝတ် ဖောက်ဖျက်မှုမျိုး မရှိသည့် ကုမ္ပဏီဖြစ်ရမည်။ | |
| ၇။ | ဆောင်ရွက်ခဲ့သော အသေးစားဓာတ်အားပေးစနစ် စီမံကိန်းတည်ရှိရာ စီမံကိန်းကျေးရွာများနှင့် အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့မှုမရှိသော ကုမ္ပဏီဖြစ်ရမည်။ | |